- “ဧကန်စင်စစ် ငါကိုယ်တော်သည် အမျိုးသမီးများနှင့်လက်ဆွဲနှုတ်ဆက်ခြင်း မပြုလုပ်ပါ။ အမျိုးသမီးတစ်ရာအားငါကိုယ်တော် ၏ မိန့်ကြားချက် သည် အမျိုးသမီး တစ်ဦးအားမိန့်ကြားချက်ကဲ့သို့ပင်ဖြစ်သည်

အိုမိုင်မဟ် ဗင်န်သေ ရုကိုင်ကဟ် (ရဿွိယလ္လာဟုအန်ဟု) ထံမှ ဆင့်ပြန်လာရှိသည်။ သူမက
ပြောပြခဲ့သည်။ “ကျွန်မသည် အန်ဆွာရီစွဟာဗီယဟ်အမျိုးသမီးအချို့နှင့်အတူ
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံ ဗိုင်အသ်သစ္စာခံယူရန်
လာခဲ့ကြပါသည်။ ထိုအခါ ကျွန်မတို့က လျှောက်ထားခဲ့သည်မှာ- ‘အိုအလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်‌တော် ကျွန်မတို့သည် အလ္လာဟ်အရှင်မြတ်အား
မည်သည့်အရာနှင့်မျှ တွဲဖက်မကိုးကွယ်ရန်၊ ခိုးမှုမပြုရန်၊ ဇိနာ (အိမ်ထောင်ရေးဖောက်ပြန်မှု) မပြုရန်၊ မိမိ၏လက်နှင့်ခြေများကြားတွင်
(ခင်ပွန်းအပေါ် သားသမီး၏ မျိုးရိုးကိစ္စ၌) မဟုတ်မမှန်စွပ်စွဲမှုမပြုရန်၊
မည်သည့်ကောင်းမှုကိစ္စတွင်မဆို ကိုယ်တော့်ကို အမိန့်ဖီဆန်မှုမပြုရန်
စသည့်အချက်များအပေါ် ကျွန်မတို့ ကိုယ်တော်အား ဗိုင်အသ်ပြုပါမည်။ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်တော်မူသည်- “အသင်မတို့တတ်နိုင်သမျှနှင့်ခွန်အားရှိသမျှအတိုင်း (ဆောင်ရွက်ကြလော့)။” သူမ(အိုမိုင်မဟ်)ကဆက်လက်‌ ပြောပြသည်။ကျွန်မတို့က လျှောက်ထားသည်မှာ - “ကျွန်မတို့အား အလ္လာဟ်အရှင်မြတ်နှင့်
ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ကသာ ကရုဏာအရှိဆုံး ဖြစ်တော်မူပါသည်။ အို- အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်‌တော် ကျွန်မတို့ ကိုယ်တော့်ထံ ဗိုင်အသ်ပြုပါရစေ။” ထိုအခါ တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်တော်မူသည်- “ဧကန်စင်စစ်
ငါကိုယ်တော်သည် အမျိုးသမီးများနှင့် လက်ဆွဲနှုတ်ဆက်ခြင်း မပြုလုပ်ပါ။
အမျိုးသမီးတစ်ရာအား ငါကိုယ်တော် ၏ မိန့်ကြားချက် သည် အမျိုးသမီး တစ်ဦးအား
မိန့်ကြားချက်ကဲ့သို့ပင်ဖြစ်သည်။ (သို့မဟုတ်) အမျိုးသမီးတစ်ဦးအတွက်မိန့်ကြားချက်ကဲ့သို့ပင်ဖြစ်သည်။" [صحيح] [رواه الترمذي والنسائي وابن ماجه]

အိုမိုင်မဟ် ဗင်န်သေ ရုကိုင်ကဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်တင်ပြခဲ့သည်။ သူမသည်အန်ဆွာရီစွဟာဗီယဟ်အမျိုးသမီးအချို့နှင့်အတူ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံ အလ္လာဟ်အရှင်မြတ်အား မည်သည့်အရာနှင့်မျှတွဲဖက်မကိုးကွယ်ရန်၊ ခိုးမှုမပြုရန်၊ ဇိနာ (အိမ်ထောင်ရေးဖောက်ပြန်မှု) မပြုရန်၊မိမိ၏လက်နှင့်ခြေများကြားတွင် (ခင်ပွန်းအပေါ် သားသမီး၏ မျိုးရိုးကိစ္စ၌) မဟုတ်မမှန်စွပ်စွဲမှုမပြုရန်၊ မည်သည့်ကောင်းမှုကိစ္စတွင်မဆို ကိုယ်တော့်ကိုအမိန့်ဖီဆန်မှုမပြုရန် စသည့်အချက်များအပေါ် ဗိုင်အသ်သစ္စာခံယူရန် လာခဲ့ကြပါသည်။ထိုအခါ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်တော်မူသည်- “အသင်မတို့တတ်နိုင်သမျှနှင့် ခွန်အားရှိသမျှအတိုင်း (ဆောင်ရွက်ကြလော့)။” ကျွန်မတို့က လျှောက်ထားသည်မှာ - “ကျွန်မတို့အား အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ရစူလ်တမန်တော်ကသာ ကရုဏာအရှိဆုံး ဖြစ်တော်မူပါသည်။ အို- အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်‌တော် အမျိုးသားများ လက်ဆွဲနှုတ်ဆက်သလို လက်ဆွဲနှုတ်ဆက်၍

ကျွန်မတို့ ကိုယ်တော့်ထံ ဗိုင်အသ်ပြုပါရစေ။ ထိုအခါ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်တော်မူသည်- ဧကန်စင်စစ် ငါကိုယ်တော်သည်အမျိုးသမီးများနှင့် လက်ဆွဲနှုတ်ဆက်ခြင်း မပြုလုပ်ပါ။ အမျိုးသမီးတစ်ရာအားငါကိုယ်တော်။၏ မိန့်ကြားချက် (ဗိုင်အသ်ပြုပေးပုံ)သည် အမျိုး သမီးတစ်ဦးအတွက်မိန့်ကြားချက်ကဲ့သို့ပင်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/66196